ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပဲခူးတိုင်းဒေသကြီးလွှတ်တော်

# ပဲခူးတိုင်းဒေသကြီး
# ဇာတ်ရုံများကြီးကြပ်ရေးဆိုင်ရာဥပဒေ

(၂၀၁၄ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ်-၁၁)

၂၀၁၄ခုနှစ် ၊ စက်တင်ဘာလ ၃၀ ရက်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | နိဒါန်း | ၁ |
| ၂။ | အခန်း(၁) အမည်၊ အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁-၂ |
| ၃။ | အခန်း(၂) ခွင့်ပြုမိန့်တောင်းခံခြင်း | ၂-၃ |
| ၄။ | အခန်း(၃) ကျင်းပခွင့်ရသူ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ | ၃ |
| ၅။ | အခန်း(၄) တားမြစ်ချက်များနှင့် ပြစ်မှုပြစ်ဒဏ်များ | ၃-၄ |
| ၆။ | အခန်း(၅) အထွေထွေ | ၄ |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပဲခူးတိုင်းဒေသကြီးလွှတ်တော်

## ပဲခူးတိုင်းဒေသကြီး ဓာတ်ရုံများကြီးကြပ်ရေးဆိုင်ရာ ဥပဒေ

(၂၀၁၄ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၁၁ ။)

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်

(၂၀၁၄ခုနှစ်၊ စက်တင်ဘာ လ ၃၀ ရက်)

### နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ဓာတ်ရုံများပြသဖျော်ဖြေခြင်းဆိုင်ရာလုပ်ငန်းများ စနစ်တကျကြီးကြပ်နိုင်ရန် အလို့ငှာ ပဲခူးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)

### အမည်၊ အာဏာတည်ခြင်းနှင့် အဓိပ္ပါယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ပဲခူးတိုင်းဒေသကြီး ဓာတ်ရုံများကြီးကြပ်ရေးဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ကြေငြာသည့်နေ့မှစ၍ ပဲခူးတိုင်းဒေသကြီးတစ်ဝန်းလုံး၌ အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည် -

(က) တိုင်းဒေသကြီး ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီး ကိုဆိုသည်၊

(ခ) အစိုးရအဖွဲ့ ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုဆိုသည်၊

(ဂ) ဝန်ကြီးဌာန ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ကိုဆိုသည်၊

(ဃ) ဝန်ကြီး ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဤကိစ္စအလို့ငှာ တာဝန်ပေးအပ်ထားသော လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီး ကိုဆိုသည်၊

(င) ခရိုင်အုပ်ချုပ်ရေးမှူး ဆိုသည်မှာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး ကိုဆိုသည်၊

(စ) မြို့နယ်အုပ်ချုပ်ရေးမှူး ဆိုသည်မှာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေး မှူး ကိုဆိုသည်၊

(ဆ) ဇာတ်ရုံ ဆိုသည်မှာ အဆို၊ အက၊ အတီး ပညာများဖြင့် ဖျော်ဖြေရန် အဆောက်အအုံဖြင့်ဖြစ်စေ၊ ပရဝဏ်ဖြင့် ဖြစ်စေ သတ်မှတ်ထားသောနေရာ ကိုဆိုသည်၊

(ဇ) ဇာတ်ရုံ ဆိုသည်မှာ အဆို၊ အက၊ အတီးပညာများဖြင့် အဖွဲ့လိုက်ဖြစ်စေ၊ တစ်ကိုယ်တော်ဖြစ်စေ သီဆို၊ တီးမှုတ်၊ ကပြဖျော်ဖြေခြင်း ကိုဆိုသည်။ ယင်းစကားရပ်တွင် အငြိမ့်၊ တီးဝိုင်းနှင့် တေးဂီတ ဖျော်ဖြေမှုများလည်း ပါဝင်သည်၊

(ဈ) ခွင့်ပြုမိန့် ဆိုသည်မှာ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးက ဤဥပဒေအရ ထုတ်ပေးသော ဖျော်ဖြေပွဲကျင်းပခွင့်ပြုမိန့် ကိုဆိုသည်၊

(ည) ပေးသွင်းငွေ ဆိုသည်မှာ ဖျော်ဖြေပွဲခွင့်ပြုမိန့်တောင်းခံရာတွင် ပေးသွင်းရသည့်ငွေ ကိုဆိုသည်၊

(ဋ) ပွဲကျင်းပခွင့်ရသူ ဆိုသည်မှာ ခွင့်ပြုမိန့်ရယူ၍ ပွဲပြုလုပ်ရန် သတ်မှတ်ထားသည့်နေရာအား စီမံခန့်ခွဲတာဝန်ခံ ဆောင်ရွက်ရသူ ကိုဆိုသည်၊

## အခန်း(၂)

## ခွင့်ပြုမိန့်တောင်းခံခြင်း

၃။ ပွဲကျင်းပခွင့်ရလိုသူသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးမှ တဆင့် ပွဲကျင်းပရက်မတိုင်မီ (၇)ရက် ကြိုတင်၍ မြို့နယ်အုပ်ချုပ်ရေးမှူးထံ ပွဲကျင်းပခွင့်ရလိုကြောင်း လျှောက်ထားရမည်။ လျှောက်ထားရာတွင် သက်ဆိုင်ရာမြို့နယ်၌ မြို့နယ်သဘင်ကောင်စီအဖွဲ့ ဖွဲ့စည်းပြီးဖြစ်ပါက မြို့နယ်သဘင်ကောင်စီ၏ ထောက်ခံချက်ကို ပူးတွဲတင်ပြရမည်။

၄။ ပွဲကျင်းပရန် လျှောက်ထားရာတွင် သက်ဆိုင်ရာမြို့နယ်အဆင့်ရှိ စည်ပင်သာယာရေးအဖွဲ့၊ မီးသတ်ဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနတို့၏ စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာမည်ဖြစ်ကြောင်း ဝန်ခံချက်နှင့် သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး၏ လုံခြုံရေးအရ ထောက်ခံချက်များကို ပူးတွဲတင်ပြရမည်။

၅။ ပွဲကျင်းပလိုသူသည် ခွင့်ပြုမိန့်ရရှိမှသာ ကျင်းပခွင့်ရှိသည်။

၆။ ခွင့်ပြုမိန့်တောင်းခံရာတွင် တစ်နေ့အတွက် သို့မဟုတ် တစ်ညအတွက် ပွဲကျင်းပခွင့် ကျသင့်ငွေကို သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက သတ်မှတ်ထားသည့် နှုန်းထားအတိုင်း ယင်းဌာနသို့ပေးသွင်းရမည်။

၇။ ခွင့်ပြုမိန့်တောင်းခံရာတွင် ဥပဒေအရ သတ်မှတ်ထားသော ပွဲကျင်းပခွင့် အခကြေးငွေမှတစ်ပါး မည်သည့် အခကြေးငွေကိုမျှ ပေးဆောင်ရန်မလို။

၈။ ငွေပေးသွင်းရန်နှင့် သတ်မှတ်ပေးထားသော စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်ပါက မြို့နယ်အုပ်ချုပ်ရေးမှူးသည် ပွဲကျင်းပရန်ခွင့်ပြုမိန့်ကို ပြန်လည်ရုတ်သိမ်း နိုင်သည်။

၉။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ထူးခြားဖြစ်စဉ်တစ်ရပ်ရပ် ပေါ်ပေါက်ပါက ပွဲကျင်းပရန် ခွင့်ပြုထားခြင်းကို ရုတ်သိမ်းနိုင်သည်။

၁၀။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ဇာတ်ရုံလုံခြုံရေး၊ စည်းကမ်းထိန်းသိမ်းရေးကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

## အခန်း(၃)

## ကျင်းပခွင့်ရသူ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်

၁၁။ အများနှင့် သက်ဆိုင်သောပွဲ ကျင်းပခြင်းဖြစ်ပါက ပွဲကျင်းပခွင့်ရသူသည် အများဆန္ဒနှင့် ငွေကြေးစုဆောင်းခြင်းကို အဖွဲ့ဖြင့်ဆောင်ရွက်ရန် ဖြစ်ပြီး ငွေစာရင်းရှင်းတမ်း ရေးဆွဲဆောင်ရွက်ရမည်။

၁၂။ ပွဲကျင်းပခွင့်ရသူသည် ပွဲမစတင်မီအချိန်မှ ပွဲကျင်းပပြီးချိန်အထိ ဇာတ်ရုံသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးကို တာဝန်ယူရမည်။

၁၃။ ယာယီဈေးတန်း၊ ဆိုင်ခန်းများမှ အခွန်ကောက်ခံခြင်းကို ပွဲကျင်းပခွင့်ရသူက စီမံသတ်မှတ်ဆောင်ရွက်နိုင်သည်။

၁၄။ ပွဲကျင်းပခြင်းအတွက် ယာယီဈေးတန်းဆိုင်ခန်းများမှ ကောက်ခံရရှိသော အခွန်ငွေများ၏ (၃) ရာခိုင်နှုန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ ပေးသွင်းရမည်။

၁၅။ ပုဂ္ဂလိကဖျော်ဖြေပွဲကျင်းပခြင်းအတွက် ပွဲကျင်းပခွင့်ရသူသည် ဤဥပဒေ ပုဒ်မ ၁၁၊၁၃၊၁၄ ပါ ကိစ္စရပ်များကို မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြဆောင်ရွက်ရမည်။

၁၆။ ပွဲကျင်းပခွင့်ရသူသည် မိမိကျင်းပသော ဇာတ်ပွဲတွင် မြန်မာ့ယဉ်ကျေးမှုနှင့် ဆန့်ကျင်သော သရုပ်ပျက်မှုများ၊ အများလက်မခံနိုင်သော စည်းကမ်းပျက်မှုများ မရှိစေရေးအတွက် ဇာတ်ပွဲနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ထားရမည်။

## အခန်း(၄)

## တားမြစ်ချက်များနှင့် ပြစ်မှုပြစ်ဒဏ်များ

၁၇။ မြို့နယ်အုပ်ချုပ်ရေးမှူး၏ ခွင့်ပြုချက်မရှိဘဲ မည်သူမျှ ပွဲကျင်းပခြင်း မပြုရ။

၁၈။ ပွဲကျင်းခွင့်ရသူသည် မြို့နယ်အုပ်ချုပ်ရေးမှူးထံမှ ပွဲကျင်းပခွင့်ပြုမိန့်ကို ပြန်လည်ရုတ်သိမ်းကြောင်း အကြောင်းကြားစာရရှိသည်နှင့် ပွဲကျင်းပခြင်းကို ချက်ချင်း ရပ်ဆိုင်းရမည်။

၁၉။ မည်သူမဆို ပုဒ်မ ၁၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူအား တစ်လထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ် တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၂၀။ မည်သူမဆို ပုဒ်မ ၁၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူအား တစ်ဆယ့်ငါးရက်ထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ငါးသောင်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

## အခန်း(၅)

## အထွေထွေ

၂၁။ ဤဥပဒေအရ အရေးယူသော ပြစ်မှုများကို ရဲအရေးယူခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၂၂။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် နှစ်စဉ် ဧပြီလ(၁)ရက်နေ့မှ စ၍ လာမည့်နှစ် မတ်လ(၃၁)ရက်နေ့ အထိ မြို့နယ်များတွင် ရပ်ကွက်နှင့် ကျေးရွာအုပ်စုအလိုက် ကျင်းပသည့်ပွဲ အရေအတွက်၊ စာရင်းနှင့် နှစ်ချုပ် အစီရင်ခံစာကို ခရိုင်အုပ်ချုပ်ရေးမှူးမှတဆင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြရမည်။

၂၃။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ၎င်းကသတ်မှတ်ပေးထားသော ကာလထက်ပို၍ ပွဲကျင်းပသည့် နေ့ရက်များအတွက် ရက်လွန်ကြေးနှင့် သက်တမ်းတိုးမြှင့်ခတို့ကို ပွဲကျင်းပခွင့်ရသူအား ပေးသွင်းစေပြီး နောက်ကြောင်းပြန်ခွင့်ပြုနိုင်သည်။

၂၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် -

(က) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများ ကိုထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးသည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် လုပ်ထုံး၊ လုပ်နည်း၊ အမိန့် ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ဉာဏ်ဝင်း

ဝန်ကြီးချုပ်

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့